ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ( ၁၄. ၁. ၂၀၁၉ ) ရက်နေ့တွင်
မေးမြန်းခွင့်ပြုမည့် မေးခွန်းအစီအစဉ်

| စဉ် | အမည်၊ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးဟန်ဇော်ဝင်း<br>ပခုက္ကူ(၁) | ပခုက္ကူမြို့နယ်အတွင်း မိုင်တိုင်အမှတ် (၁၆/၀)မိုင်နှင့် (၁၆/၃)မိုင်အကြားရှိ နတ်အင်းချောင်းအား ရာသီမရွေးသွားလာရေး အဆင်ပြေလွယ်ကူစေရန် ရေကျော်တည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၂ | ဦးတင့်ဆန်း<br>ပွင့်ဖြူ(၂) | မင်းဘူး - စလင်း(BOT)လမ်း၊ ပွင့်ဖြူမြို့နယ်၊ ရှောက်တော - ဥယျာဉ်ကျစ်လမ်းဆုံပေါ်တွင်ရှိသော ခရီးသည်တင် မော်တော်ယာဉ်ဂိတ်များအား ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၃ | ဦးကျော်လွင်<br>ဆင်ပေါင်ဝဲ(၂) | ဆင်ပေါင်ဝဲမြို့နယ်၊ ပိတောက်စမ်းကျေးရွာနှင့် အင်ပင်လှကျေးရွာသို့ဆက်သွယ်သည့် ကားလမ်းအား ရေမြောင်းအပါ မြေသားလမ်းဖောက်လုပ်ပြီး မြေနီကျောက်စရစ်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၄ | ဦးမောင်ကို<br>မင်းလှ(၂) | မင်းလှမြို့နယ်၊ မီးလောင်ကုန်းရွာ၊ ဘန့်ပြင်ရွာ - ပုသိမ် - မုံရွာကားလမ်း(၇ မိုင်၊ ၆ ဖာလုံ)အား အမြန်ဆုံးဖောက်လုပ်ပေးနိုင်ပါရန်နှင့် မည်သည့်ဘဏ္ဍာနှစ်အတွင်း ပြုလုပ်ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |

| စဉ် | အမည်၊ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၅ | ဦးတင့်လွင် ရေနံချောင်း(၁) | အစိုးရပိုင်ထွန်စက်နှင့် လက်တွန်းထွန်စက်များ၏ ဝင်ငွေနှင့်ထွက်ငွေစာရင်း၊ သုံးစွဲခဲ့သူများ၏ စာရင်း၊စက်များ၏ခိုင်ခံ့မှုအခြေအနေနှင့်စက်များကို မည်သို့စီမံခန့်ခွဲသုံးစွဲမည်ကို သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၆ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများတွင် ဒေသခံ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ထည့်သွင်းပေးနိုင်ရေး ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၇ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | ပွင့်ဖြူမြို့နယ် တောင်ဘက်တွင် စီးဆင်းနေသော ရေဆိုးထုတ်ချောင်းအား တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၈ | ဦးသက်ခိုင် စလင်း(၂) | မကွေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများ မည်သို့ဖွဲ့စည်းလည်ပတ်လျက်ရှိကြောင်း နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဒေသပြည်သူများ၏ထည့်ဝင်ငွေဖြင့် ဝယ်ယူထားခဲ့သောအသင်း၏ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို မည်သို့စီမံခန့်ခွဲပြီး မည်သို့အကျိုးအမြတ် ခွဲဝေလျက်ရှိသည်ကို သိရှိလိုကြောင်း၊ | **စိုက်မွေး** | |